winning
Sales & Marketing Dep

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ်
နှစ်ရာကျပ်
K 200

# "မီးစက်အရောင်းအဝယ် - နှစ်ဦးသဘောတူကတိစာချုပ်"

**Brand New Matador Generator VP-770 (Open Type) 700KVA With Self Mounted Synchronizing (1)Unit & Installations (1)Set**

**(SO NO. PTN-BSO-UNT-2024-12-0001, PTN-BSO-UNT-2024-12-0002)**

**(Sr NO. )**

**Contract No. WL/HS-625/2024**

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ( ၂၃ )ရက်နေ့တွင် ရန်ကုန်မြို့၌ အောက်အမည်ပါသူတို့က Brand New Matador Generator VP-770 (Open Type) 700KVA with Self Mounted Synchronizing (1) Unit & Installations (1) Set မီးစက်အရောင်းအဝယ်-နှစ်ဦးသဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ -

မီးစက်ရောင်းချသူ ။ ။ ဦးဇော်မင်းမြတ် (ဘ) ဦးမြင့်စိန်
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၁၂/မရက(နိုင် )၁၁၄၄၁၁
(for and on behalf of Winning Way Co., Ltd. )
အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

မီးစက်ဝယ်ယူသူ ။ ။ ဦးမျိုးတင် (ဘ) -------------------------
နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်- ၁/မကန(နိုင်)၀၅၁၆၃၇
(for and on behalf of Ngwe Saung Yacht Club & Marina Development Limited)
လိပ်စာ - အမှတ်(၆၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်းနံပါတ် - ။

၁။ ရောင်းချသူသည် ကုမ္ပဏီစီးပွားရေးလုပ်ငန်းအရ ရောင်းဝယ်လျက်ရှိသည့် Brand New Matador Generator VP-770 ( Open Type )700KVA with Self Mounted Synchronizing (1) Unit မီးစက်အတွက် တန်ဖိုးငွေ **USD – 111,000 ( United State Dollar – One Hundred Eleven Thousand Only)** နှင့် Installations ( Generator Power Panel and Power Cable Line Installation, Hot Air Outlet Ducting and Exhaust System Installation Generator Base Plint and General Work Installation, Generator Transportation and Adding to the Genset Room) (1)Set အတွက် မြန်မာငွေကျပ်-၁၂၁,၀၀၀,၀၀၀/- (ကျပ်တစ်ထောင့်နှစ်ရာတစ်ဆယ်သိန်းတိတိ)ကို Landed Customer Site နှုန်းဖြင့် ရောင်းချရန်အတွက် အဆိုပြုကမ်းလှမ်းလာသည်ကို အဆိုပါပစ္စည်းကို အဆိုပါ တန်ဖိုးဖြင့်ပင် ဝယ်ယူရန် မီးစက်ဝယ်ယူသူမှသဘောတူညီသဖြင့် ယနေ့တွင် ဤသဘောတူစာချုပ်ချုပ်ဆို၍ မီးစက်ဝယ်ယူသူမှ နောက်ဆက်တွဲပါစည်းကမ်းများအတိုင်း လိုက်နာရန် သဘောတူညီပြီးဖြစ်သည်ဟု မှတ်ယူ ဝန်ခံလျက် နှစ်ဦးသဘောတူ ရောင်းချလိုက်ပါသည်။

၂။ ဤစာချုပ်ပါ "မီးစက်"ဟုသောစကားရပ်တွင် ရောင်းချသည့် မူလမီးစက်နှင့် စက်အပိုပစ္စည်းများ၊ ရောင်းချသူမှ လဲလှယ်တပ်ဆင်ပေးသည့် စက်အပိုပစ္စည်းများပါဝင်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် ဝယ်ယူသူမှ

စာမျက်နှာ ( ၂ ) သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ် နှစ်ရာကျပ် K 200



မိမိသဘောအလျောက် ရောင်းချသူ၏ ခွင့်ပြုချက်မရရှိဘဲ လဲလှယ်တပ်ဆင်ထားသည့် မီးစက်နှင့် စက်အပိုပစ္စည်းများ ပါဝင်ခြင်းမရှိစေရ။

၃။ ရောင်းချသူက မိမိရောင်းချသော Brand New Matador Generator VP-770 (Open Type) 700KVA with Self Mounted Synchronizing (1)unit မီးစက်သည်အသစ်ဖြစ်ကြောင်းနှင့် ယင်းမီးစက်အား (၁)နှစ်ခွဲ (သို့မဟုတ်) နာရီပေါင်း(၂,၀၀၀) ခေါ်ရောက်အသုံးပြုပြီးသည်အထိ အာမခံပါသည်။ ခေါ်ရောက်သည့်နေ့ဆိုသည်မှာ စတင်ဝယ်ယူချိန်မှစ၍ တစ်နှစ်ခွဲပြည့်မြောက်သောနေ့ (သို့မဟုတ်) အသုံးပြုနာရီ(၂၀၀၀) ပြည့်သည့် ကာလ(နှစ်)ခုအနက် စောစွာသောရက်ကို သတ်မှတ်ခြင်းဖြစ်ပါသည်။

၄။ ထိုအာမခံသည့်ကာလအတွင်း ဝယ်ယူသူ(သို့မဟုတ်) ဝယ်ယူသူ၏ ဝန်ထမ်းများ ပေါ့လျော့မှုကြောင့် ပြင်ဆင်ရာတွင် စက်အရံပစ္စည်း (Spare Part) တစ်စုံတစ်ရာအစားထိုးလဲလှယ်ပေးရပါက ဝယ်ယူသူက အဆိုပါပစ္စည်း၏တန်ဖိုးကို ပေးရန်တာဝန်ရှိကြောင်း သဘောတူညီပါသည်။

၅။ ရောင်းချခဲ့သော မီးစက်ကိုစာချုပ်ချုပ်ဆိုပြီး ၅၀% ငွေပေးချေပြီးနောက် (၁၄)ရက်အတွင်း ဝယ်ယူသူ၏ Site သို့ အရောက် ပို့ဆောင်ပေးပါမည်။

၆။ <u>ရောင်းချသူ၏ တာဝန် နှင့် အခွင့်အရေးများ</u>

(က) ရောင်းချသူဘက်မှ မိမိရောင်းချလိုက်သော မီးစက်အား သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ စိတ်အေးချမ်းသာစွာ အသုံးချနိုင်အောင်လိုအပ်သည်များကို ဆောင်ရွက်လျက် ရောင်းချသည့် သတ်မှတ်ရက်တွင် လက်ရောက်ပေးအပ်ရပါမည် ။

(ခ) ရောင်းချသူသည် စာချုပ်တွင်ဖော်ပြထားသော မိမိရောင်းချလိုက်သော မီးစက်၏ စံချိန်စံညွှန်း၊ အရည်အသွေးနှင့် ဝယ်ယူသူထံသို့ ရောက်ရှိလာသော မီးစက်၏ စံချိန်စံညွှန်း၊ အရည်အသွေးတို့ ကိုက်ညီမှုရှိ၊ မရှိကို ရောင်းချသူ၏ရှေ့မှောက်တွင် ဝယ်ယူသူမှ စစ်ဆေး၍ အရည်အသွေးကိုက်ညီမှု မရှိသည့် ကိစ္စများရှိလာပါက အဆိုပါပစ္စည်းကိုဝယ်ယူသူမှ လက်ခံရန် ငြင်းပယ်ခွင့်ရှိကြောင်းနှင့် ချို့ယွင်းသော ပစ္စည်းများကို ရောင်းချသူ၏ စရိတ်ဖြင့် ပြန်လည်သယ်ပို့ပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသော ပစ္စည်းဖြင့် ရောင်းချသူက လဲလှယ်ပေးရန် အပြည့်အဝတာဝန်ရှိကြောင်းကို သိရှိသဘောတူပါသည်။

(ဂ) အာမခံကတိပေးထားသည့်အတိုင်း လိုအပ်သည့်အခါတွင် ဝန်ဆောင်မှုကို ပြည့်ဝစွာ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

(ဃ) ဝယ်ယူသူထံမှ အရစ်ကျပေးငွေအားလုံးကို လက်ခံရရှိပြီးပါက ငွေအကြေအရောင်းဝယ် စာချုပ်ကို ထပ်မံချုပ်ဆိုပေးပါမည်။

(င) ရောင်းချသူမှ ရောင်းချသည့် မီးစက်သည် ၎င်းတစ်ဦးတည်းပိုင်ဖြစ်၍ မည်သည့် အရှုပ်အရှင်း ကြွေးမြီ မှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။ အကယ်၍ ရောင်းချလိုက်သည့် မီးစက်နှင့်စပ်လျဉ်း၍ ပြဿနာ၊ အရှုပ်အရှင်းတစ်စုံတစ်ရာသော်လည်းကောင်း၊ တတိယပုဂ္ဂိုလ်မှ တောင်းဆိုမှုတစ်ရပ်ရပ်ဖြစ်ပေါ် လာခဲ့ပါ ရောင်းချသူမှ မိမိစရိတ်ဖြင့် တာဝန်ယူပြေလည်အောင် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ ဝယ်ယူသူတွင် နစ်နာမှုရှိလာပါက ရောင်းချသူ၏စရိတ်ဖြင့် နစ်နာမှုမှန်သမျှကို ပေးလျော်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

စာမျက်နှာ ( ၃ ) သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ် နှစ်ရာကျပ် K 200



၇။ <u>ဝယ်ယူသူ၏ တာဝန်နှင့် အခွင့်အရေးများ</u>

(က) ဝယ်ယူသူသည် မိမိဝယ်ယူသည့်မီးစက်ကို လက်ခံရရှိသည့်အခါတွင် မိမိမှာယူသည့် အမျိုးအစား မော်ဒယ်၊ အသေးစိတ်အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး လက်ခံရမည်။ ဝယ်ယူသူမှ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ အဆိုပါ မီးစက်နှင့် ပတ်သက်၍ မည်သည့်တောင်းဆိုမှုမျှ ပြုလုပ်မည် မဟုတ်ပါ။

(ခ) ဝယ်ယူသူသည် အာမခံသည့်ကာလအတွင်း မိမိဝန်ထမ်းများ၏ တာဝန်ပျက်ကွက်မှုကြောင့်မဟုတ်လျှင် အခမဲ့ပြင်ဆင်ပေးသည်ကို ရရှိမည်။ ပြင်ဆင်ပေးရာတွင် ရောင်းချသူ၏ ဝန်ထမ်းများမှ ကုမ္ပဏီ၏ တည်ရှိရာနေရာနှင့် မိုင်(၄၀) အကွာအဝေးအတွင်း ရောင်းချသည့်မီးစက်ကို ပြင်ဆင်ပေးရပါက ပြင်ဆင်ပေးမည့် ဝန်ထမ်းများ၏စရိတ်ကို ပေးအပ်ရန်မလိုပါ။

(ဂ) ဝယ်ယူသူ၏ ပေါ့ဆစွာကိုင်တွယ်အသုံးပြုခြင်းကြောင့်မဟုတ်သော မျှော်မှန်းနိုင်စွမ်းမရှိသော သဘာဝ ဘေးအန္တရာယ်များဖြစ်သည့် လျှပ်စီးလှုပ်ခြင်း၊ မီးသင့်လောင်ခြင်း၊ မုန်တိုင်းကျခြင်း၊ ရေလွှမ်းမိုးခြင်း၊ ပေါက်ကွဲမှုဖြစ်ပွားခြင်း၊ စစ်မက်ဖြစ်ပွားခြင်းနှင့် အခြားမလွန်ဆန်နိုင်သော သဘာဝဘေးအန္တရာယ် အကြောင်းများကြောင့် မီးစက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်လာခဲ့ပါက ဝယ်ယူသူထံတွင်သာ အလုံးစုံ တာဝန်ရှိစေဘဲ နစ်ဖက်ညှိနှိုင်းဆွေးနွေးရမည်။ အကယ်၍ ဝယ်ယူသူ၏ ပေါ့ဆစွာကိုင်တွယ်အသုံးပြုမှုကြောင့် မီးစက်ပျက်စီးဆုံးရှုံးမှု ဖြစ်ပေါ်ပါက မီးစက်တန်ဘိုးကို ဝယ်ယူသူမှ ပြန်လည်ပေးလျော်ရမည်ဖြစ်ကြောင်း သိရှိ သဘောတူပါသည်။

(ဃ) ဝယ်ယူသည့် မီးစက်ကို ဥပဒေနှင့်မညီသည့်မည်သည့်ကိစ္စတွင်မှ အသုံးမပြုရ။ ယင်းသို့ အသုံးပြု ခြင်းကြောင့် ရောင်းချသူတွင် ဆုံးရှုံးနစ်နာမှု တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက ဝယ်ယူသူမှ မီးစက်တန်ဖိုး ပြည့်မီအောင် ပေးလျော်ပါမည်ဟု သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

(င) ဝယ်ယူသူအနေဖြင့် မိမိစိတ်တိုင်းကျကြည့်ရှုစစ်ဆေးပြီးမှ ဝယ်ယူသည့်အတွက် စရံငွေကို ပြန်လည် တောင်းခံခြင်းမပြုသကဲ့သို့ ပေးသွင်းရမည့်အရစ်ကျငွေအားလုံးကို သတ်မှတ်ထားသည့်ကာလအတွင်း မှန်မှန်ပေးချေရန်တာဝန်ရှိကြောင်း သိရှိသဘောတူဝန်ခံကတိပြုပါသည်။

(စ) ဝယ်ယူသူသည် အရစ်ကျပေးချေရမည့် ကျသင့်သည့်ငွေများကို သတ်မှတ်ထားသောကာလအတွင်း အပြေအကြေပေးချေရန်ပျက်ကွက်ပါက ရောင်းချသည့်ကုမ္ပဏီ၏ ငွေကြေးလည်ပတ်စီးဆင်းမှု နှောင့်နှေးကြန့်ကြာစေသည့်အတွက် နစ်နာမှုရှိသည့်အားလျော်စွာ ဝယ်ယူသူက နစ်နာကြေးအဖြစ် ပေးဆောင်ရန်ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးရမည်ဖြစ်ပါသည်။

(ဆ) မီးစက်အား သတ်မှတ်ထားသောစာချုပ်ကာလအတွင်း ငွေများအပြေအကြေပေးချေခြင်းမရှိသေး ပါက ဝယ်ယူသူသည် ဖော်ပြပါမီးစက်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်ဆင့်ပြန်လည်ရောင်းချ ခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရွှေ့ပြောင်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံ အဖြစ်တင်သွင်းခြင်း၊ အခြားနည်းအရ လွှဲပြောင်းခြင်း စသည့်မည်သည့်ကိစ္စများကိုမျှ လုပ်ဆောင်ပိုင်ခွင့်

စာမျက်နှာ(၄)သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၂၀၀ကျပ် ငွေနှစ်ရာကျပ် K 200



မရှိကြောင်း သိရှိသဘောတူပါသည်။ ဖော်ပြပါအချက်များကို ဖောက်ဖျက်ပါက တည်ဆဲဥပဒေ တစ်ရပ်ရပ်နှင့်အညီ တရားစွဲခံရမည်ဖြစ်ပြီး တရားစရိတ်အဝဝကို ဝယ်ယူသူမှ ကျခံရမည်ဖြစ်ကြောင်းနှင့် ပေါ်ပေါက်လာသောနစ်နာမှုအပေါ် ကုမ္ပဏီမှသတ်မှတ်သောနစ်နာကြေး ကိုလည်း ပေးလျော်ရန် သိရှိသဘောတူ ဝန်ခံကတိပြုပါသည်။

ဤစာချုပ်ပါ စကားရပ်၊ အကြောင်းအရာ၊ ဝန်ခံချက်များကို ရောင်းချသူနှင့် ဝယ်ယူသူတို့က နှစ်ဦးနှစ်ဖက်အကြေအလည် ဆွေးနွေးပြီးနောက် ကိုယ်တိုင်ဖတ်ရှု၊ သိရှိ ကောင်းစွာနားလည်သဘောပေါက် ကြပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်ညီစွာ အသုံးပြုခြင်းစသည်တို့ လုံးဝကင်းရှင်းလျက် မိမိတို့၏လွတ်လပ်သော သဘောဆန္ဒနှင့်အညီ အောက်ပါ အသိသက်သေများ၏ရှေ့မှောက်တွင် အတည်ပြုလက်မှတ်ရေးထိုး၍ ဤသဘောတူစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| မီးစက်ရောင်းချသူ | မီးစက်ဝယ်ယူသူ |
|---|---|
| ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁) | ဦးမျိုးတင် ( ၁/မကန(နိုင်) ဝ၅၁၆၃၇ ) |
| (for and on behalf of Winning Way Co., Ltd.) | (for and on behalf of Ngwe Saung Yacht Club & Marina Development Limited) |

အသိသက်သေများ

လက်မှတ် -
အမည် - ထက်နိုင်စိုး
မှတ်ပုံတင် - ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ဦးစိုးထက်တင်
မှတ်ပုံတင် - ၇/တငန(နိုင်)၁၆၁၈၉၇
နေရပ် - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ဦးနိုင်ဝင်း
မှတ်ပုံတင် - ၁၄/မအသ(နိုင်)၁၅၂၆၅၉
နေရပ် - NSYC & Resort
-

စာမျက်နှာ (၅) သို့

အခွန်တံဆိပ်ခေါင်း
REVENUE STAMP
REPUBLIC OF THE UNION OF MYANMAR
၂၀၀ ကျပ်
နှစ်ရာကျပ်
K 200

## "ကိုယ်တိုင်ကတိပြုဝန်ခံချက်"

ကျွန်တော် ဦးမျိုးတင်၊ နိုင်ငံသားစိစစ်ရေးအမှတ် - ၁/မကန(နိုင်) ဝ၅၁၆၃၇ ကိုင်ဆောင်သူမှ ကုမ္ပဏီ၏ ကိုယ်စား အောက်ပါအသိသက်သေများရှေ့မှောက်၌ ဤဝန်ခံချက်ကို လက်မှတ်ရေးထိုး ဝန်ခံချုပ်ဆိုပါသည်။

၁။ အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားသောပစ္စည်းသည် ရန်ကုန်မြို့ ၊ Winning Way Co., Ltd. ပိုင် ငွေဖြင့် ဝယ်ယူ၍ ကျွန်တော်အား အဝယ်စနစ်ဖြင့် ယုံကြည်အပ်နှံ အသုံးပြုခွင့်ပေးခြင်းသာဖြစ်ကြောင်း ဝန်ခံပါသည်။

၂။ အရစ်ကျပေးချေရမည့် ကျန်ငွေ ၃၀% အား သက်မှတ်ထားသောကာလ Ngwe Saung Yacht Club & Resort မှ လက်ခံရယူပြီးနောက် (၃)လအတွင်း အပြေအကြေပေးချေရန် ပျက်ကွက်ပါက ဝယ်ယူသူမှ နစ်နာကြေးအဖြစ် ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးဆောင်ရမည်ကို ကောင်းစွာ သိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

၃။ ပစ္စည်းတန်ဖိုးပေးသွင်းငွေများ အပြေအကြေပေးဆပ်နိုင်ခြင်းမရှိဘဲ ယင်းကုမ္ပဏီပိုင်ပစ္စည်းအား တစ်နည်းနည်းဖြင့် လွှဲပြောင်း/ရောင်းချ/ပေါင်နှံ/ပေးကမ်းခြင်းပြုမိပါက ယုံကြည်အပ်နှံမှု ဖောက်ဖျက်ခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာဥပဒေအရ ၎င်းကုမ္ပဏီမှ အရေးယူခြင်းကိုခံယူရပါမည်ဟု ဝန်ခံကတိပြုပါသည်။

၄။ အဆိုပါပစ္စည်းအား အရစ်ကျစနစ်ဖြင့် အသုံးပြုလျက်ရှိနေစဉ် ကာလတစ်လျှောက် ကျသင့်သော အခွန်အခ၊ ပျက်စီး၍ ပြင်ဆင်ကုန်ကျစရိတ် စသည်တို့ကို မီးစက်ဝယ်ယူသူတွင်သာ တာဝန်ရှိကြောင်း သိရှိပါသည်။

၅။ အဆိုပါပစ္စည်းအား အရစ်ကျစနစ်ဖြင့် အသုံးပြုနေစဉ်ကာလအတွင်း တည်ဆဲဥပဒေနှင့် မလွတ်ကင်းသော ပြုလုပ်မှုတစ်ရပ်ကို ပြုလုပ်မိပါက မီးစက်ဝယ်ယူသူတွင်သာ တာဝန်ရှိသည့်အတွက် အဆိုပါကိစ္စအား ပြီးဆုံးပြေလည်သည်အထိ တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဝန်ခံကတိပြုပါသည်။

၆။ အကယ်၍ ဝယ်ယူသူမှ အရစ်ကျငွေပေးချေရန် ပျက်ကွက်ပါက အထက်ပါ အရောင်းအဝယ်ကိစ္စများကို အာမခံကတိပြုလက်မှတ်ရေးထိုးထားသူ **ဦးနိုင်ဝင်း** မှ အလုံးစုံတာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းကိုလည်း သိရှိသဘောတူပါသည်။

| **အာမခံသူ** | **ဝန်ခံကတိပြုသူ** |
|---|---|
| (signature) | (signature) |
| ဦးနိုင်ဝင်း | ဦးမျိုးတင် |
| (၁၄/မအပ(နိုင်)၁၅၂၆၂၅) | (၁/မကန(နိုင်) ဝ၅၁၆၃၇) |

**အသိသက်သေများ**

| | |
|---|---|
| လက်မှတ် - (signature) | လက်မှတ် - (signature) |
| အမည် - ထက်နိုင်စိုး | အမည် - ဦးနိုင်ဝင်း |
| မှတ်ပုံတင် - ၁၂/မဘန(နိုင်)၁၅၃၉၄၅ | မှတ်ပုံတင် - ၁၄/မအပ(နိုင်)၁၅၂၆၂၅ |
| နေရပ် - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ | နေရပ် - NSYC & Resort |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၂၀၀ကျပ် ငွေနှစ်ရာကျပ် K 200



(ခ) အရစ်ကျပေးချေရမည့် ကျန်ငွေ ၃၀% ကို အား သက်မှတ်ထားသောကာလ Ngwe Saung Yacht Club & Resort မှ လက်ခံရယူပြီးနောက် (၃)လအတွင်း အပြေအကြေပေးချေရန် ပျက်ကွက်ပါက ဝယ်ယူသူမှ နစ်နာကြေးအဖြစ် ပေးဆောင်ရန် ကျန်ရှိသည့် တန်ဖိုးငွေ၏ (၅%) တွက်ချက်၍ ပေးဆောင်ရမည်ကို ကောင်းစွာ သိရှိနားလည်ပြီး သဘောတူလက်ခံပါသည်။

<u>မီးစက်ရောင်းချသူ</u>

ဦးဇော်မင်းမြတ် (၁၂/မရက(နိုင်)၁၁၄၄၁၁)
(for and on behalf of Winning Way Co., Ltd.)

<u>မီးစက်ဝယ်ယူသူ</u>

ဦးမျိုးတင် (၁/မကန(နိုင်) ၀၅၁၆၃၇ )
(for and on behalf of Ngwe Saung Yacht Club & Marina Development Limited)

<u>အသိသက်သေများ</u>

လက်မှတ် -
အမည် - ထက်နိုင်စိုး
မှတ်ပုံတင် - ၁၂/မဘန(နိုင်)၁၅၃၉၄၅
နေရပ် - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ဦးစိုးထက်တင်
မှတ်ပုံတင် - ၇/တငန(နိုင်)၁၆၁၈၉၇
နေရပ် - အမှတ်(၅၈၉)၊ ဗိုလ်အောင်ကျော်လမ်း၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လက်မှတ် -
အမည် - ဦး နိုင်ဝင်း
မှတ်ပုံတင် - ၁၄/မအမ(နိုင်) ၁၅၂၆၅၅
နေရပ် - NSYC & Resort.
-